mosaic health
Better happens together.

# လူနာအတွက် ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားမှု အသိပေးစာ

***စိစစ်တည်းဖြတ်ခဲ့သည့်ရက်- မေလ 2019***

**ဤအသိပေးစာတွင် သင်၏ ဆေးကုသမှုဆိုင်ရာ အချက်အလက်များကို မည်သို့အသုံးပုနိုင်ကြောင်း၊ ထုတ်ဖော်နိုင်ကြောင်းနှင့် ဤအချက်အလက်ကို သင်မည်သို့ ရယူသုံးစွဲနိုင်ကြောင်းကို ဖော်ပြထားပါသည်။ ကျေးဇူးပြု၍ ဂရုတစိုက်ပြန်လည် သုံးသပ်ပါ။**

## <u>လူနာ အခွင့်အရေးများ</u>

သင့်တွင် အောက်ပါတို့ကို လုပ်ပိုင်ခွင့် ရှိပါသည်-

- သင့်ကျန်းမာရေးမှတ်တမ်း မိတ္တူကို စာရွက်စာတမ်းဖြင့်သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့်ရယူပိုင်ခွင့်
- စာရွက်စာတမ်းပေါ်ရှိ သို့မဟုတ် အီလက်ထရောနစ်ပစ္စည်းများထဲရှိ သင့်ကျန်းမာရေးမှတ်တမ်းကို ပြင်ဆင်ပိုင်ခွင့်
- လျှို့ဝှက်ဆက်သွယ် မှုကိုတောင်းဆိုခွင့်
- ကျွန်ုပ်တို မျှဝသေည့် အချက်အလက်များကို ကန့်သတ်ပေးရန် ကျွန်ုပ်တို့အား တောင်းဆိုခွင့်
- သင်၏အချက်အလက်များကို ကျွန်ုပ်တို့မျှဝသေည့်သူများ၏ စာရင်းကို ရယူခွင့်
- ဤကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားမှု အသိပေးစာ၏ မိတ္တူတစ်စောင်ကို ရယူခွင့်
- သင့်အတွက်ဆောင်ရွက်ပေးရန် တစ်စုံတစ်ယောက်ကို ရွေးချယ်ခြင်း
- သင်၏ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ထားမှု အခွင့်အရေးများကို ချိုးဖောက်ထားသည်ဟု သင်ယုံကြည်ပါက တိုင်ကြားပိုင်ခွင့်

## <u>လူနာ၏ ရွေးချယ်ခွင့်များ</u>

အောက်ပါ ကိစ္စရပ်များအတွက် အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပုမျှဝသေည့် နည်းလမ်းများကို သင့်အနေဖြင့် ရွေးချယ်ခွင့် ရှိပါသည်-

- သင့်အခြေအနေနှင့် ပတ်သက်၍ မိသားစုနှင့် သူငယ်ချင်းများကို ပြောပြခြင်း
- ဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးခြင်း
- အပုအြမူဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း
- ကျွန်ုပ်တို့၏ဝန်ဆောင်မှုများကို စျေးကွက်တင်၍ သင်၏အချက်အလက်များကို ရောင်းချခြင်း
- ရန်ပုံငွေရှာခြင်း

## <u>ကျန်းမာရေးစင်တာ၏ အသုံးပုမူများနှင့် ထုတ်ဖော်မှုများ</u>

အောက်ပါ ကိစ္စရပ်များအတွက် သင်၏အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပု၍ မျှဝနေိုင်ပါသည်-

- သင့်ကို ကုသခြင်း
- ကျွန်ုပ်တို့၏ အဖွဲ့အစည်းကို လည်ပတ်ခြင်း
- သင့်အတွက် ဝန်ဆောင်ခများ တောင်းခံခြင်း
- ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ပြဿနာများကို ကူညီခြင်း
- သုတေသန ပုပြုပ်ခြင်း
- ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

mosaic health
Better happens together.

- ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းမှု တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်ရန်
- ဆေးစစ်သူ သို့မဟုတ် နာရေး ဒါရိုက်တာတစ်ယောက်နှင့် အလုပ်လုပ်ခြင်း
- အလုပ်သမားများ၏ လျော်ကြေး၊ ဥပဒေစိုးမိုးရေးနှင့် အခြား အစိုးရ၏ တောင်းဆိုချက်များကို ဆောင်ရွက်ပေးရန်
- တရားမမှုများနှင့် ဥပဒေအရေးတရားစွဲဆိုမှုများကို တုံ့ပြန်ခြင်း

## <u>လူနာ အခွင့်အရေးများ</u>

**သင့်ကျန်းမာရေးအချက်အလက်များနှင့် ပတ်သက်လာသည့်အခါ သင့်တွင် အခွင့်အရေးအချို့ ရှိပါသည်။ ဤအပိုင်းတွင် သင့်အခွင့်အရေးများနှင့် သင့်ကိုကူညီရန် ကျွန်ုပ်တို့၏တာဝန်ယူမှုအချို့ကို ရှင်းပြထားပါသည်။**

***သင့်ကျန်းမာရေးမှတ်တမ်း မိတ္တူကို စာရွက်စာတမ်းဖြင့်သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့်ရယူခြင်း***

- သင့်ကျန်းမာရေးမှတ်တမ်း မိတ္တူနှင့် သင်နှင့်ပတ်သက်သည့် ကျွန်ုပ်တို့တွင်ရှိသော အခြားကျန်းမာရေးမှတ်တမ်း မိတ္တူကို စာရွက်စာတမ်းဖြင့်သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့်ရယူရန် သို့မဟုတ် ကြည့်ရှုရန် သင် တောင်းဆိုနိုင်ပါသည်။ ထိုသို့ တောင်းဆိုနည်းကို ကျွန်ုပ်တို့အား မေးမြန်းပါ။
- သင့်ကျန်းမာရေး အချက်အလက်မိတ္တူတစ်ခု သို့မဟုတ် အကျဉ်းချုပ်တစ်ခုကို အများအားဖြင့်သင်တောင်းဆိုသည့်နေ့မှ ရက်ပေါင်း 30 အတွင်း ကျွန်ုပ်တို့ ပေးသွားပါမည်။ ကုန်ကျမှုအလိုက် ကျိုးကြောင်းဆီလျော်သည့် အခကြေးငွေကို ကျွန်ုပ်တို့ တောင်းခံနိုင်ပါသည်။

***သင့်ကျန်းမာရေးမှတ်တမ်းကိုပြင်ဆင်ရန် ကျွန်ုပ်တို့ကိုတောင်းဆိုခြင်း***

- မမှန်ကန်ဟု သို့မဟုတ် မပြည့်စုံဟု သင်ယူဆသော သင်၏ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ပြင်ဆင်ပေးရန် ကျွန်ုပ်တို့အား သင် တောင်းဆိုနိုင်ပါသည်။ ထိုသို့ တောင်းဆိုနည်းကို ကျွန်ုပ်တို့အား မေးမြန်းပါ။ သင့်တောင်းဆိုချက်ကို ကျွန်ုပ်တို့က "ငြင်းဆို" နိုင်သော်လည်း ထိုသို့ ငြင်းဆိုရသည့် အကြောင်းရင်းကို ရက်ပေါင်း 60 အတွင်း စာဖြင့်ရေးသား ပြောပြသွားပါမည်။

***လျှို့ဝှက်ဆက်သွယ်ရေးများကို တောင်းဆိုခြင်း***

- သတ်မှတ်ထားသော နည်းလမ်း (ဥပမာ အိမ် သို့မဟုတ် ရုံးဖုန်း) ဖြင့်သင့်ကိုဆက်သွယ်ရန် သို့မဟုတ် အခြားလိပ်စာတစ်ခုသို့ စာပို့ရန် ကျွန်ုပ်တို့အား သင်တောင်းဆိုနိုင်ပါသည်။
- ကျိုးကြောင်းဆီလျော်သည့် တောင်းဆိုမှုများအားလုံးကို ကျွန်ုပ်တို့ "လက်ခံ" နိုင်ပါသည်။

***ကျွန်ုပ်တို့၏ အသုံးပြုမှု သို့မဟုတ် မျှဝေနိုင်မှုကို ကန့်သတ်ရန်အတွက် ကျွန်ုပ်တို့အား တောင်းဆိုခြင်း***

- ကုသမှု၊ ငွေပေးချေမှု သို့မဟုတ် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ကျန်းမာရေးအချက်အလက်အချို့ကို အသုံးမပြုရန် သို့မဟုတ် မမျှဝေရန် ကျွန်ုပ်တို့အား သင်တောင်းဆိုနိုင်ပါသည်။ သင်၏တောင်းဆိုမှုကို ကျွန်ုပ်တို့က သဘောတူရန်မလိုအပ်ဘဲ ၎င်းတောင်းဆိုချက်က သင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ထိခိုက်စေပါက "ငြင်းဆို" ပါမည်။
- ဝန်ဆောင်မှုတစ်ခု သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုတစ်ခု အတွက် သင့်အိတ်ထဲမှ စိုက်ထုတ်၍ အပြည့်အဝ ပေးချေရလျှင် ငွေပေးချေမှုကိစ္စရပ်အတွက် သို့မဟုတ် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ထိုအချက်အလက်ကို သင်၏ကျန်းမာရေးအာမခံသူထံ မျှဝေခြင်းမပြုရန် ကျွန်ုပ်တို့အား သင်တောင်းဆိုနိုင်ပါသည်။ **ဥပဒေအရ ထိုအချက်အလက်ကို မျှဝေရမည်ဟု သတ်မှတ်မထားလျှင်** ကျွန်ုပ်တို့က "လက်ခံ" ဆောင်ရွက်ပေးပါမည်။

mosaic health
Better happens together.

***အချက်အလက်များကို ကျွန်ုပ်တို့မျှဝေခဲ့သည့်သူများ၏ စာရင်းအား ရယူခြင်း***

- မည်သူနှင့် မျှဝေခဲ့သည်နှင့် အဘယ်ကြောင့် မျှဝေခဲ့သည်ကို သင်မေးမြန်းသည့်နေ့ရက်မတိုင်မီ ခြောက်နှစ်စာ သင်၏ကျန်းမာရေးအချက်အလက်များအား ကျွန်ုပ်တို့ မျှဝေခဲ့သည့် အကြိမ်အရေအတွက် (တွက်ချက်ထားသည့်) စာရင်းကို သင် တောင်းဆိုနိုင်ပါသည်။
- ကုသမှု၊ ငွေပေးချေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် ထုတ်ဖော်မှုများနှင့် (ကျွန်ုပ်တို့အနေဖြင့်ဆောင်ရွက်ပေးရန် သင်တောင်းဆိုခဲ့သည့် တောင်းဆိုချက်တစ်ခုခု ကဲ့သို့) အခြားထုတ်ဖော်မှုအချို့အတွက်မှလွဲပြီး ထုတ်ဖော်ပြောဆိုမှုများအားလုံး ကျွန်ုပ်တို့၏စာရင်းတွင် ပါဝင်ပါမည်။ ကျွန်ုပ်တို့အနေဖြင့်တစ်နှစ်ကို စာရင်းတစ်ခု အခမဲ့ပေးသွားမည်ဖြစ်သော်လည်း 12 လအတွင်းတွင် အခြားတစ်ခုအတွက် သင်တောင်းဆိုပါက ကုန်ကျစရိတ်အလိုက် ကျိုးကြောင်းဆီလျော်သည့် အခကြေးငွေကို ကျွန်ုပ်တို့ တောင်းခံပါမည်။

***ဤကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားမှု အသိပေးစာ၏ မိတ္တူတစ်စောင်ကို ရယူခွင့်***

- အသိပေးစာကို အီလက်ထရောနစ်နည်းဖြင့်လက်ခံရယူရန် သင်သဘောတူထားပြီးသည့်တိုင် ဤအသိပေးစာ၏ စာရွက်စာတမ်းမိတ္တူတစ်စောင်ကို အချိန်မရွေး သင် တောင်းဆိုနိုင်ပါသည်။ စာရွက်စာတမ်း မိတ္တူတစ်စောင်ကို သင့်အား ကျွန်ုပ်တို့ ချက်ချင်းပေးသွားပါမည်။

***သင့်အတွက်ဆောင်ရွက်ပေးရန် တစ်စုံတစ်ယောက်ကို ရွေးချယ်ခြင်း***

- ဆေးကုသမှုဆိုင်ရာ လုပ်ပိုင်ခွင့်အား ရှေ့နေတစ်ဦးဦးကို သင်ပေးအပ်ထားလျှင် သို့မဟုတ် တစ်စုံတစ်ဦးက သင်၏တရားဝင်အုပ်ထိန်းသူဖြစ်လျှင် ထိုသူအနေဖြင့်သင့်အခွင့်အရေးများကို အသုံးချနိုင်ပြီး သင်၏ကျန်းမာရေးအချက်အလက်များနှင့်ပတ်သက်၍ ရွေးချယ်မှုများ ပြုလုပ်နိုင်ပါသည်။
- ကျွန်ုပ်တို့ဘက်က တစ်ခုခု မဆောင်ရွက်မီ အဆိုပါပုဂ္ဂိုလ်တွင် ဤအခွင့်အာဏာရှိကြောင်းနှင့် ထိုသူက သင့်အတွက် ဆောင်ရွက်ပေးနိုင်ကြောင်း သေချာအောင် ဆောင်ရွက်ပါမည်။

***သင်၏ အခွင့်အရေးများကို ချိုးဖောက်ထားသည်ဟုသင်ခံစားရပါက တိုင်ကြားခြင်း***

- သင့်အခွင့်အရေးများကို ကျွန်ုပ်တို့ ချိုးဖောက်ထားသည်ဟု သင်ခံစားရပါက Mosaic Health ၏ ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားရှိရေး အရာရှိဖြစ်သူ Ciara Gonyeau ကို ဆက်သွယ်၍ 259 Monroe Avenue, Rochester, NY 14607 သို့ စာတစ်စောင်ပေးပို့ခြင်းဖြင့် 585-287-8854 သို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် cgonyeau@mosaichealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်သင်တိုင်ကြားနိုင်ပါသည်။
- 200 Independence Avenue, S.W., Washington, D.C. 20201 သို့ စာတစ်စောင်ပေးပို့ခြင်း၊ 1- 877-696-6775 သို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် www.hhs.gov/ocr/privacy/hipaa/complaints/ သို့ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် အမေရိကန်ပြည်ထောင်စု ကျန်းမာရေးနှင့် ပြည်သူ့ ဝန်ဆောင်မှုဌာန၊ ပြည်သူ့အခွင့်အရေးရုံးသို့ တိုင်ကြားနိုင်ပါသည်။
- မကျေနပ်ချက်ကို တိုင်ကြားသည့်အတွက် သင့်အပေါ် ကျွန်ုပ်တို့က လက်တုံ့ပြန်မည်မဟုတ်ပါ။

## <u>လူနာ၏ ရွေးချယ်ခွင့်များ</u>

**ကျန်းမာရေးအချက်အလက်အချို့အတွက် ကျွန်ုပ်တို့ မျှဝေသည့်အရာနှင့် ပတ်သက်၍ သင်၏ရွေးချယ်မှုများကို ကျွန်ုပ်တို့အား သင် ပြောပြနိုင်ပါသည်။ အောက်ဖော်ပြပါအခြေအနေများတွင် သင့်အချက်အလက်များကို ကျွန်ုပ်တို့ မျှဝေရမည့်နည်းလမ်းအတွက် ပိုမိုနှစ်သက်သည့် နည်းလမ်း သင့်တွင် ရှိပါက ကျွန်ုပ်တို့ကို ပြောပြပါ။ ကျွန်ုပ်တို့အား သင်လုပ်ဆောင်စေလိုသည့်အရာကပြောပြပြီး သင်၏ညွှန်ကြားချက်များအတိုင်း ကျွန်ုပ်တို့ လိုက်နာဆောင်ရွက်သွားပါမည်။**

***ဤသို့ဆောင်ရွက်ရာတွင်  အောက်ပါတို့အတွက်ကျွန်ုပ်တို့အားပြောပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့် နှစ်ခုလုံး သင့်တွင် ရှိပါသည်***

- သင့်မိသားစု၊ ရင်းနှီးသောမိတ်ဆွေများ သို့မဟုတ် သင့်အတွက် စောင့်ရှောက်မှုတွင်ပါဝင်သော အခြားသူများသို့ အချက်အလက်များ မျှဝေရန်
- ဘေးအန္တရာယ် ကယ်ဆယ်ရေးအခြေအနေတစ်ခုတွင် အချက်အလက်များ မျှဝေရန်
- သင့်အချက်အလက်များကို ဆေးရုံလမ်းညွှန်စာအုပ်တွင် ထည့်သွင်းရန်

**သင်ပိုနှစ်သက်သည့်အရာကို ကျွန်ုပ်တို့အား မပြောပြနိုင်လျှင်၊ ဥပမာ သင် သတိမေ့နေချိန်တွင် သင့်အတွက် အကောင်းဆုံးအကျိုးစီးပွားဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါလျှင် သင်၏ အချက်အလက်များကို ကျွန်ုပ်တို့ ဆက်၍ မျှဝေနိုင်ပါသည်။ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံမှုအပေါ် ကျရောက်အံ့ဆဲဆဲဖြစ်သည့် ပြင်းထန်သည့် ဘေးအန္တရာယ်ကို လျော့ပါးစေရန် လိုအပ်သည့်အခါတွင်လည်း သင်၏အချက်အလက်များကို ကျွန်ုပ်တို့ မျှဝေနိုင်ပါသည်။**

***ဤအခြေအနေများတွင် ကျွန်ုပ်တို့အား ခွင့်ပြုစာ သင်ပေးမထားလျှင် သင်၏အချက်အလက်များကို မည်သည့်အခါမျှ ကျွန်ုပ်တို့ မျှဝေမည်မဟုတ်ပါ***

- စျေးကွက်ရှာဖွေရေး ရည်ရွယ်ချက်များ
- သင်၏အချက်အလက်များကို ရောင်းချမှု
- မျှဝေမှု အများဆုံး စိတ်ကုထုံး မှတ်စုများ

***ရန်ပုံငွေ ရှာဖွေရာတွင်***

- ရန်ပုံငွေရှာရန်ကိုပြမ်းမှုများအတွက် ကျွန်ုပ်တို့သင့်ကို ဆက်သွယ်နိုင်သော်လည်း နောက်တစ်ကြိမ် မဆက်သွယ်ရန် ကျွန်ုပ်တို့ကို သင် ပြောနိုင်ပါသည်။

## <u>ကျန်းမာရေးစင်တာ၏ အသုံးပြုမှုများနှင့် ထုတ်ဖော်မှုများ</u>

***သင်၏ကျန်းမာရေး အချက်အလက်များကို ကျွန်ုပ်တို့ မည်သို့ပုံမှန်အသုံးပြုပါသနည်း သို့မဟုတ် မျှဝေပါသနည်း။***

**သင်၏ကျန်းမာရေး အချက်အလက်များကို အောက်ပါနည်းလမ်းများဖြင့်အသုံးပြုခွင့်ရှိပါသည် သို့မဟုတ် မျှဝေခွင့်ရှိပါသည်။**

***သင့်ကို ကုသခြင်း***

- သင်၏ကျန်းမာရေး အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုနိုင်သည့်အပြင် သင့်ကို ကုသပေးနေသည့် အခြားပညာရှင်များနှင့်လည်း မျှဝေနိုင်ပါသည်။
    - o ဥပမာ- ထိခိုက်ဒဏ်ရာတစ်ခုအတွက် သင့်ကို ကုသပေးသည့် ဆရာဝန်တစ်ယောက်က သင်၏ကျန်းမာရေးအခြေအနေအားလုံးနှင့်ပတ်သက်၍ အခြားဆရာဝန်တစ်ဦးအား မေးမြန်းပါသည်။

***ကျွန်တော်တို့၏ အဖွဲ့အစည်းကို လည်ပတ်ခြင်း***

- ကျွန်ုပ်တို့၏လေ့ကျင့်မှုများကို လုပ်ဆောင်ရန်၊ သင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာစေရန်နှင့် လိုအပ်ပါကသင့်ကိုဆက်သွယ်နိုင်ရန် သင်၏ကျန်းမာရေးအချက်အလက်များကို ကျွန်ုပ်တို့ မျှဝေနိုင်ပါသည်။
    - o ဥပမာ- သင့်အတွက် ကုသမှုနှင့် ဝန်ဆောင်မှုများကို စီမံခန့်ခွဲရန်အတွက် သင်၏ကျန်းမာရေး အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုပါသည်။

***သင့်အတွက် ဝန်ဆောင်ခများ တောင်းခံခြင်း***

- ကျန်းမာရေးအစီအစဉ်များ သို့မဟုတ် အခြားအဖွဲ့အစည်းများထံ ငွေတောင်းခံလွှာ ပို့ရန်နှင့် ငွေပေးချေမှုကို ရရှိရန်အတွက် သင်၏ကျန်းမာရေးအချက်အလက်များကို ကျွန်ုပ်တို့က အသုံးပြု၍ မျှဝေနိုင်ပါသည်။
    - o ဥပမာ- သင်၏ကျန်းမာရေး အာမခံအစီအစဉ်အနေဖြင့် သင့်အတွက် ဝန်ဆောင်ခများကို ပေးချေရန် ကျွန်ုပ်တို့သည် သင်နှင့်ပတ်သက်သည့် အချက်အလက်များကို ၎င်းတို့နှင့် မျှဝေပါမည်။

## သင်၏ကျန်းမာရေးအချက်အလက်များကို အခြားမည်ကဲ့သို့ အသုံးပြု၍ မျှဝေပါမည်နည်း။

အများပြည်သူ ကျန်းမာရေးနှင့် သုတေသနကဲ့သို့သော အများပြည်သူကို အမဲအြကိုးဖစ်ထွန်းစမေည့် နည်းလမ်းများ အပါအဝင် အခြားနည်းလမ်းများဖြင့် သင်၏ အချက်အလက်များကို မျှဝေရန်အတွက် ကျွန်ုပ်တို့ကို ခွင့်ပြုထားပါသည် သို့မဟုတ် သတ်မှတ်ထားပါသည်။ ဤရည်ရွယ်ချက်များအတွက် သင်၏ အချက်အလက်များကို ကျွန်ုပ်တို့ မျှဝေနိုင်ခြင်းမပုမီ ကျွန်ုပ်တို့အနေဖြင့် ဥပဒေတောင်အတွင်းရှိ အခြေအနေများစွာနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ပိုမိုသိရှိလိုပါက- www.hhs.gov/ocr/privacy/hipaa/understanding/consumers/index.html ကို ကြည့်ရှုပါ။

## ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ပြဿနာများကို ကူညီခြင်း

အောက်ပါကဲ့သို့ အခြေအနေအချို့အတွက် သင်နှင့်ပတ်သက်သည့် ကျန်းမာရေးအချက်အလက်များကို ကျွန်ုပ်တို့ မျှဝေနိုင်ပါသည်-

- ရောဂါကာကွယ်တားဆီးခြင်း
- ထုတ်ကုန်ပြန်လည်သိမ်းဆည်းခြင်းများတွင် ကူညီခြင်း
- ဆေးများအပေါ် ဆိုးရွားသော တုံ့ပြန်ချက်များကို သတင်းပို့ခြင်း
- သံသယဖြစ်ဖွယ် အလွဲသုံးစားမှု၊ လျစ်လျူရှုမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုများကို သတင်းပို့ခြင်း
- တစ်စုံတစ်ဦး၏ ကျန်းမာရေး သို့မဟုတ် လုံခြုံရေးအပေါ်ကျရောက်လာသည့် ကြီးမြားသော ဘေးအန္တရာယ်ကို ကာကွယ်ခြင်း သို့မဟုတ် လျှော့ချခြင်း

## သုတေသန ပြုလုပ်ခြင်း

သင်၏ အချက်အလက်များကို ကျန်းမာရေးသုတေသနအတွက် ကျွန်ုပ်တို့ မျှဝေနိုင်ပါသည်။

## ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

ဖက်ဒရယ် ကိုယ်ရေးအချက်အလက် လျှို့ဝှက်မှုဥပဒေကို ကျွန်ုပ်တို့ လိုက်နာဆောင်ရွက်နေခြင်း ရှိ၊ မရှိကို ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာနများက ကြည့်ရှုလိုသည့်အခါမျိုးတွင် ၎င်းတို့နှင့် မျှဝေခြင်းအပါအဝင် ပြည်နယ် သို့မဟုတ် ဖယ်ဒရယ်ဥပဒေများက သတ်မှတ်လိုက်လျှင် သင်နှင့်ပတ်သက်သော အချက်အလက်များကို ကျွန်ုပ်တို့မျှဝေပါမည်။

## ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် တစ်ရှူးလှူဒါန်းမှု တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်ရန်

သင်နှင့်ပတ်သက်သည့် ကျန်းမာရေးအချက်အလက်များကို ကိုယ်ခန္ဓာအစိတ်အပိုင်း ဝယ်ယူသည့်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ မျှဝေနိုင်ပါသည်။

## ဆေးစစ်သူ သို့မဟုတ် နာရေး ဒါရိုက်တာတစ်ယောက်နှင့် အလုပ်လုပ်ခြင်း

လူတစ်ယောက် သေဆုံးသည့်အခါ ကျွန်ုပ်တို့သည် ကျန်းမာရေး အချက်အလက်များကို သေမှုသေခင်း စုံစမ်းစစ်ဆေးရေး အရာရှိ၊ ဆေးစစ်သူ သို့မဟုတ် နာရေး ဒါရိုက်တာနှင့် မျှဝေနိုင်ပါသည်။

mosaic health
Better happens together.

**အလုပ်သမားများ၏ လျော်ကြေး၊ ဥပဒေစိုးမိုးရေးနှင့် အခြား အစိုးရ၏ တောင်းဆိုချက်များကို ဆောင်ရွက်ပေးရန်**

ကျွန်ုပ်တို့သည် သင်နှင့်ပတ်သက်သော အချက်အလက်များကို အသုံးပုနိုင် သို့မဟုတ် မျှဝေနိုင်ပါသည်

- အလုပ်သမား၏ လျော်ကြေး တောင်းဆိုမှုများ
- ဥပဒေစိုးမိုးရေး ကိစ္စရပ်များအတွက်ဖြစ်စေ၊ ဥပဒေစိုးမိုးရေး အရာရှိများနှင့်အတူဖြစ်စေ
- ဥပဒေက ခွင့်ပြုထားသည့် ဆောင်ရွက်ချက်များအတွက် ကျန်းမာရေး ကြီးကြပ်မှု အေဂျင်စီများနှင့်အတူ
- စစ်တပ်၊ နိုင်ငံတော် လုံခြုံရေးနှင့် သမ္မတ ကာကွယ်ရေး ဝန်ဆောင်မှုများကဲ့သို့ အထူး အစိုးရ ဆောင်ရွက်ချက်များအတွက်

**တရားမမှုများနှင့် ဥပဒေအရေးတရားစွဲဆိုမှုများကို တုံ့ပြန်ခြင်း**

တရားရုံး သို့မဟုတ် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အမိန့်ကို တုံ့ပြန်ဆောင်ရွက်ရန် သို့မဟုတ် တရားရုံး၏ ဆင့်ခေါ်စာကို တုံ့ပြန်ဆောင်ရွက်ရန် ကျွန်ုပ်တို့သည် သင်နှင့်ဆိုင်သော ကျန်းမာရေး အချက်အလက်များကို မျှဝေနိုင်ပါသည်။

**ကျန်းမာရေး စင်တာ၏ တာဝန်ဝတ္တရားများ**

- ဥပဒေအရ ကျွန်ုပ်တို့သည် သင်၏ ကာကွယ်ထားသော ကျန်းမာရေး အချက်အလက်များ လုံခုံမှု ရှိစေရန်နှင့် လျှို့ဝှက်ထားရှိပေးရန် လိုအပ်ပါသည်။
- သင့်အချက်အလက်များ၏ လုံခုံခြုံး သို့မဟုတ် လျှို့ဝှက်ထားရှိမှုတို့ အားလျော့သွားနိုင်သည့် ပေါက်ကြားမှုတစ်ခု ဖြစ်ပွားလျှင် ကျွန်ုပ်တို့က သင့်ကို ချက်ချင်း အသိပေးပါမည်။
- ကျွန်ုပ်တို့သည် ဤအသိပေးစာတွင် ဖော်ပြထားသည့် တာဝန်များနှင့် လျှို့ဝှက်ထားရှိရေး ကျင့်သုံးဆောင်ရွက်ချက်များကို လိုက်နာပြီး သင့်အား ၎င်းတို့၏ မိတ္တူတစ်စောင်ကို ပေးထားရပါမည်။
- သင်က စာဖြင့်ရေးသားပြီး ခွင့်ပြုပေးမထားလျှင် ကျွန်ုပ်တို့သည် ဤတွင် ဖော်ပြထားသည့် အချက်အလက်မှတစ်ပါး သင်၏ မည်သည့်အချက်ကိုမျှ အသုံးပုခြင်း သို့မဟုတ် မျှဝေခြင်း ပုလုပ်မည် မဟုတ်ပါ။ ကျွန်ုပ်တို့နဖြင့် ထိုသို့လုပ်ဆောင်နိုင်သည်ဟု သင်က ဆိုထားသည့်တိုင် သင့်စိတ်သဘောထားကို အချိန်မရွေး ပြောင်းနိုင်ပါသည်။ သင့်စိတ်သဘောထား ပြောင်းသွားလျှင် ကျွန်ုပ်တို့ကို စာဖြင့်ရေးသားပြီး အသိပေးပါ။

နောက်ထပ် အချက်အလက်များကို သိရှိရန်- www.hhs.gov/ocr/privacy/hipaa/understanding/consumers/noticepp.html ကို ကြည့်ပါ။

**ဤအသိပေးစာ၏ စည်းမျဉ်းများတွင် ပြောင်းလဲမှုများ**

ကျွန်ုပ်တို့သည် ဤအသိပေးစာ၏ စည်းမျဉ်းများကို ပြောင်းလဲနိုင်သည့်အပြင် ထိုပြောင်းလဲမှုများသည် ကျွန်ုပ်တို့တွင် သင်နှင့်ပတ်သက်သမျှ ရှိထားသော အချက်အလက်အားလုံးအပေါ် သက်ရောက်မှု ရှိပါသည်။ အသိပေးစာ အသစ်ကို ကျွန်ုပ်တို့၏ ရုံးတွင် တောင်းဆို ရယူနိုင်သလို ဝက်ဘ်ဆိုဒ်တွင်လည်း ရရှိနိုင်ပါသည်။